# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 86 , January 5, 2021)

၁။ ရှဒူးဖွပ်စစ်ရှောင်များပြောင်းရွှေ့နေထိုင်ရန် မြေနေရာအတွက် သစ်တောဌာနသို့ စာတင်ပြသွားမည်

၂။ ကယားပြည်နယ် ရေအားလျှပ်စစ်စီမံကိန်းကနေ ဘီလူးချောင်းပြုပြင်မွမ်းမံဖို့ ဘတ်ဂျက်မရဖူးသေး

၃။ NLD ပါတီမှ ကယားအခြေစိုက်ပါတီနဲ့တွေ့ဆုံရန် အကြောင်းမကြားသေး

၄။ ဖိအားပေးမှုများကြောင့် ကန်ကြီးဒေါင့် ဘဲဂရက်ကျေးရွာရှိ စောဘဦးကြီးရုပ်ထု ဖြုတ်ချလိုက်ရ

၅။ မွန်ညီညွတ်ရေးပါတီ MUP နှင့် NLD ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံမည့်နေရာ ညှိနှိုင်းမရသဖြင့် ဆွေးနွေးပွဲပျက်

၆။ စစ်ဘေးရှောင်စခန်းရောက် မာလာသစ်ရွာသားများ၏ရွာ၌ကျန်ခဲ့သည့် ၄င်းတို့ပိုင်ပစ္စည်းများအား သယ်ယူခွင့်ရရှိရန် ပြည်နယ်အစိုးရထံစာပေးပို့တောင်းဆိုသော်လည်း အကြောင်းပြန်ကြားမှု မရရှိသေး

၇။ ကျောက်တော်မြို့နယ်တွင် မြိုအမျိုးသမီးတစ်ဦးမြေမြုပ်မိုင်းနင်းမိ၍ ခြေထောက်၌ ဒဏ်ရာပြင်းထန်ရ

၈။ လွတ်လပ်ရေးနေ့ သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဒေါက်တာအေးမောင်၊ကိုဝေဟင်အောင်တို့ လွတ်မြောက်လာရန် မိသားစုများမျှော်လင့်ချက်မြင့်မားနေဆဲ

၉။ ညီအစ်ကိုမိသားစုများဖြစ်သည့်အတွက် AA အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ကိုယ်လူမျိုးတိုးတက်ရေးကို လုပ်ပေးစေချင်ကြောင်း ရခိုင်ဝန်ကြီးချုပ်ပြော

၁၀။ ဖမ်းဆီးခံရပြီးအလောင်းဖျောက်ဖျက်ခံရသည့်ကျောက်တော်မြို့မှ ဦးကျော်လှိုင်အတွက် ရဲဦးထုပ်ကိုသက်သေခံပစ္စည်းအဖြစ်တင်သွင်း

၁၁။ တောင်ကုတ်လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးလွတ်မြောက်လာခြင်းကို အမေရိကန်သံရုံးကြိုဆို

၁၂။ အစိုးရနှင့် မြောက်ပိုင်း ၄ ဖွဲ့ ဇန်ဝါရီလအတွင်း တွေ့ဆုံနိုင်ရန် ဆွေးနွေးနေ

၁၃။ နမ္မတူမြို့နယ် တွင် RCSS/SSA နှင့် TNLAတိုက်ပွဲ ဆက်လက်ဖြစ်

၁၄။ တောင်ကြီး စဝ်စံထွန်းဆေးရုံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ (၄၀)ဦးရှိ

၁၅။ RCSS နှင့် TNLA တိုက်ပွဲကြောင့် ကျောက်မဲတွင် စစ်ရှောင် ၁၀၀၀ ခန့် ရောက်ရှိ

၁၆။ ကယားနယ်စပ်ဂိတ်တွင် KNG အကြီးအကဲ၏ သားက သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ခတ်ဟုဆို

၁၇။ ကယားပြည်နယ်ရှိ လီဆူးကျေးရွာကို ခရီးသွားလုပ်ငန်း CBT အဖြစ် ဖော်ဆောင်မည်

၁၈။ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ခရီးရောက်စေရန် အပစ်ရပ် ၁၀ ဖွဲ့၏ PPST စုဖွဲ့မှုကို ပြုပြင်ပြောင်းလဲမည်

၁၉။ လွတ်လပ်ရေးနေ့တွင် တိုက်ပွဲကြောင့် အရပ်သားများစစ်ဘေးရှောင်ခဲ့ရခြင်းသည် ဝမ်းနည်းစရာဟုဆို

၂၀။ ကျောက်ကြီးမြို့နယ်တွင် တပ်မတော်နှင့် KNU တပ်မဟာ (၃) တစ်ပတ်အတွင်း ထိတွေ့ပစ်ခတ်မှု သုံးကြိမ်ဖြစ်ပွား

၂၁။ အစိုးရသစ်လက်ထက် ဝန်ကြီးချုပ်တာဝန်ကိုရည်မှန်းထားခြင်းမရှိဟု ဦးညီပုပြော

၂၂။ ဖမ်းဆီးထားသည့် ALP တပ်ဖွဲ့ဝင် ၄ဦးကို AA ပြန်လွှတ်

၂၃။ တနင်္သာရီတိုင်းအစိုးရ ကတိပြုထားတဲ့လုပ်ငန်း ၉၉ ခု မပြီးသေး

၂၄။ လွတ်လပ်ရေးနေ့မှာ အင်းစိန်ထောင်က လွတ်လာတဲ့ အကျဉ်းသားမရှိ

*********************

## ၁။ ရှဒူးဇုပ်စစ်ရှောင်များပြောင်းရွှေ့နေထိုင်ရန် မြေနေရာအတွက် သစ်တောဌာနသို့ စာတင်ပြသွားမည်

(4 January 2021)

ဖားကန့်မြို့နယ် လီဒိုလမ်းမပေါ် ရှဒူးဇုပ်ကျေးရွာရှိ KBC စစ်ရှောင်များရွှေ့ပြောင်းအခြေချရန်စီစဉ်နေသော မြေနေရာသည် ယုဇနကုမ္ပဏီပိုင်မဟုတ်ပဲ သစ်တောဌာနပိုင်မြေနေရာဖြစ်ကြောင်း ဒီဇင်ဘာလ ၂၃ရက်နေ့ သစ်တောအဖွဲ့မှ လာရောက်ကန့်ကွက်ခဲ့သည်ဟု စစ်ရှောင်များပြောသည်။

ရှဒူးဇုပ်စစ်ရှောင်များသည် နှစ်စဉ်ရေကြီးရေလျှံမှုဒဏ်ကို ကြုံတွေ့နေရသောကြောင့် လာမည့်မိုးအတွင်းအမှီ မြေနေရာအသစ်ကိုအမြန်ပြောင်းရွှေ့ရန်အတွက် ယုဇနကုမ္ပဏီထံတောင်းဆိုခဲ့ရာ၊ ယခုနောက်ဆုံးမှ သစ်တောမြေနေရာဖြစ်နေကြောင်း သိခဲ့ရသည်ဟုဆိုသည်။ ထို့ကြောင့် စစ်ရှောင်ပြည်သူများက သစ်တောနယ်မြေတွင် တရားဝင်စစ်ရှောင်စခန်း သတ်မှတ်ပေးရန်အတွက် ဖားကန့်မြို့နယ် သစ်တောဌာနသို့ စာတင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောသည်။

ရှဒူးဇုပ်စစ်ရှောင်များသည် လော့ဒ်ဂျာဒေသခံများဖြစ်ကာ ၂၀၁၇ခုနှစ် တပ်မတော်မှ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့စဉ် ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့်တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလာခဲ့သောကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့သူများဖြစ်သည်။ ၎င်းတို့ မူလဒေသသို့ ပြန်လည်အခြေချရန် နယ်မြေလုံခြုံမှုမရှိသောကြောင့် နေရပ်မပြန်တော့ဘဲ မြေနေရာအသစ်တွင် ရွှေ့ပြောင်းနေထိုင်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ https://burmese.kachinnews.com/2021/01/04/j4/

***************

## ၂။ ကယားပြည်နယ် ရေအားလျှပ်စစ်စီမံကိန်းကနေ ဘီလူးချောင်းပြုပြင်မွမ်းမံဖို့ ဘတ်ဂျက်မရဖူးသေး

(January 4, 2021)

ဘီလူးချောင်းကနေရရှိလာတဲ့ လောပိတရေအားလျှပ်စစ်စီမံကိန်းကြီးဟာဆိုရင် မြန်မာတနိုင်ငံလုံးကို ဖြန့်ဖြူးပေးနေတာဟာဆိုရင် နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်ပေမယ့်လည်း ဘီလူးချောင်းပြန်လည်ပြုပြင်မွမ်းမံဖို့ ဘတ်ဂျက်မရဖူးသေးဘူးလို့ မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးကပြောပါတယ်။

ဒေသလူမှုစီးပွားရေးအကျိုးပြုရန်ပုံငွေကနေရရှိတဲ့ ဘတ်ဂျက်ကနေ ဘီလူးချောင်းပြန်လည်ပြုပြင်မွမ်းမံဖို့အတွက် အခုချိန်မှာလိုအပ်နေတာဖြစ်ပါတယ်။ နှစ်စဉ်ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံအမှတ် ၃ ကနေရရှိတဲ့ ဒေသလူမှုစီးပွား အကျိုးပြုဖို့အ

တွက် သိန်း ၂၀၀ ထည့်ဝင်ငွေရှိတယ်လို့ သိရပါတယ်။ ဘီလူးချောင်းအနီး အနားရှိတောင်သူလယ်သမားတွေအတွက်တော့ နွေစပါး၊ မိုးစပါးစိုက်ပျိုးဧက ၁၁၅၀ကို ရေပေးဝေနေတော့ ရှိတယ်လို့ သိရပါတယ်။

ဘီလူးချောင်းရေပေးဝေရေး စီမံကိန်းကို ကျပ်သန်းပေါင်း ၆၆၄၁.၃၃၀သန်း အသုံးပြုပြီး ဒီးမော့ဆိုမြို့ပေါ်နဲ့ ဖရူဆိုမြို့ပေါ်မှ ရေရှားပါးတဲ့ကျေးရွာတွေကို ဖြန့်ဝေနိုင်ဖို့အတွက်ရေးဆွဲဆောင်ရွက်နေပြီလို့တော့ သိရပါတယ်။

https://www.kantarawaddytimes.org/

****************

## ၃။ NLD ပါတီမှ ကယားအခြေစိုက်ပါတီနဲ့တွေ့ဆုံရန် အကြောင်းမကြားသေး

(January 1, 2021)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေနဲ့ ကယားပြည်နယ်အခြေစိုက်တိုင်းရင်းသားပါတီဖြစ်တဲ့ ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) နဲ့ တွေ့ဆုံရန် အကြောင်းမကြားသေးဘူးလို့ ပါတီအတွင်းရေးမှူး ဦးသဲရယ်က ပြောပါတယ်။

တိုင်းရင်းသားပါတီများနဲ့ တွေ့ဆုံရန်အစီအစဉ်ကို အသေးစိတ်မသိရပေမယ့်လည်း အနိုင်ရကိုယ်စားလှယ်များနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့သာကြားသိရတဲ့အတွက် တိုင်းရင်းသားအခြေစိုက်ပါတီနဲ့တွေ့ဆုံရန် အစီအစဉ်မရှိတဲ့ပုံစံမျိုးဖြစ်နေတယ်လို့ ဦးသဲရယ်က သုံးသပ်ပြောဆိုပါတယ်။ ကယားပြည်နယ်အခြေစိုက်တိုင်းရင်းသားပါတီဖြစ်တဲ့ KySDP ပါတီနဲ့ မည်သည့်အချိန်မှာ တွေ့ဆုံဆွေးနွေးမည်ကို NLD ဗဟိုပြန်ကြားရေးအဖွဲ့မှ မုံရွာအောင်ရှင်ကို ဆက်သွယ်မေးမြန်းကြည့်ရာတွင်မှာ ၄င်းအနေဖြင့် မသိရှိကြောင်းသာ ပြန်လည်ဖြေကြားခဲ့ပါတယ်။

ရွေးကောက်ပွဲအပြီး NLD ပါတီမှ နိုဝင်ဘာလ ၁၂ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ "နောင်အနာဂတ်မြန်မာနိုင်ငံအတွက် ရေးရှုရမည့် ပြည်ထောင်စုအရေးကိစ္စ" ဟူသည့်ခေါင်းစဉ်ဖြင့် တိုင်ရင်းသားနိုင်ငံရေးပါတီတွေကို စာပေးပို့ခဲ့ပြီး ယင်းစာထဲမှာတိုင်းရင်းသား လူမျိုးစုများ၏ဆန္ဒများကို အလေးထားဆောင်ရွက်သွားမယ်လို့ ဖော်ပြထားပါတယ်။

https://www.kantarawaddytimes.org/nld

****************

## ၄။ ဖိအားပေးမှုများကြောင့် ကန်ကြီးဒေါင့် ဘဲဂရက်ကျေးရွာရှိ စောဘဦးကြီးရုပ်ထု ဖြုတ်ချလိုက်ရ

(January 3, 2021)

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ် ဘဲဂရက်ကျေးရွာတွင်စိုက်ထူထားသည့် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး အထိမ်းအမှတ်ကြေးရုပ်ထုကို အာဏာပိုင်များ၏ ဖိအားပေးမှုများကြောင့် ယနေ့ (ဇန်နဝါရီ လ ၃ ရက်) ညနေခန့် က ဖြုတ်ချလိုက်ရပြီဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်များအရ သိရသည်။

ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏ အထိမ်းအမှတ်အဖြစ် ၎င်း၏မွေးရပ်ဇာတိဖြစ်သည့် ဘဲဂရက်ကျေးရွာတွင် ပြီးခဲ့သည့်ဩဂုတ်လတွင် စိုက်ထူခဲ့ခြင်းဖြစ်ပြီး စိုက်ထူပြီး ၄ လအကြာတွင် အာဏာပိုင်များ၏ ဖိအားပေးမှုများကြောင့် ယခုလိုဖြုတ်ချလိုက်ရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောဆိုသည်။

စောဘဦးကြီး၏ ကိုယ်တစ်ပိုင်ပုံတူကြေးရုပ်ထုကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တွဲဘက်အထွေထွေအတွင်းရေးမှူး(၂) ပဒိုစောလှထွန်း၏ စီစဉ်မှုဖြင့် ပြီးခဲ့သည့်ဩဂုတ်လက စိုက်ထူခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

http://kicnews.org/2021/01/

***************

## ၅။ မွန်ညီညွတ်ရေးပါတီ MUP နှင့် NLD ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံမည့်နေရာ ညှိနှိုင်းမရသဖြင့် ဆွေးနွေးပွဲပျက်

(၀၄ ဇန်နဝါရီ ၂၀၂၁)

မွန်ညီညွတ်ရေးပါတီနှင့် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ NLD ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံကြမည့်နေရာ ညှိနှိုင်းမရကြသဖြင့် ဒီဇင်ဘာ ၄ ရက်နေ့ နံနက် ၉ နာရီ နှစ်ဖက်တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ပျက်သွားကြောင်း သတင်းရရှိသည်။

လာမည့်အစိုးရသစ်လက်ထက်တွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအရေး တိုင်းရင်းသားဆန္ဒကိုအလေးထားဆောင်ရွက်သွားမည့် ကြိုတင်အသိပေးကမ်းလှမ်းချက်အရ မွန်အမျိုးသားပါတီအားတွေ့ဆုံရန် အမျိုးသားဒီမိုကရေစီပါတီ NLD ကိုယ်စားလှယ်အဖွဲ့ ၃ ဦး ယမန်နေ့က မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

သို့ရာတွင် မွန်ညီညွတ်ရေးပါတီက တတိယကြားနေရာတစ်ခုတွင်သာ နှစ်ဖက်ကိုယ်စားလှယ်များ တွေ့ဆုံကြရန် ဆက်သွယ်အကြောင်းကြားသော်လည်း NLD ပါတီဘက်မှ ဆွေးနွေးပွဲကျင်းပပြုလုပ်မည့်အချိန်အထိ ပြန်လည်အကြောင်းပြန်ခြင်း မရှိကြောင်း မွန်ညီညွတ်ရေးပါတီ တွဲဖက်အတွင်းရေးမှူး(၁) နိုင်လယိတမက ပြောသည်။ မွန်ညီညွတ်ရေးပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် NLD မွန်ပြည်နယ်ရုံးတွင် တွေ့ဆုံဆွေးနွေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အကြောင်းကြားခဲ့သော်လည်း နှစ်ဖက်ပါတီချင်းအနေဖြင့်သာ တတိယနေရာတစ်ခုတွင် တွေ့ဆုံသွားရန် မွန်ညီညွတ်ရေးပါတီမှ တောင်းဆိုခဲ့သည်ကို NLD လက်ခံထားကြောင်း သိရသည်။ http://burmese.monnews.org/2021/01/04/

*****************

## ၆။ စစ်ဘေးရှောင်စခန်းရောက် မာလာသစ်ရွာသားများ၏ရွာ၌ကျန်ခဲ့သည့် ၎င်းတို့ပိုင်ပစ္စည်းများအား သယ်ယူခွင့်ရရှိရန် ပြည်နယ်အစိုးရထံစာပေးပို့တောင်းဆိုသော်လည်း အကြောင်းပြန်ကြားမှု မရရှိသေး

(05 Jan, 2021)

စစ်ဘေးရှောင်ဘဝဖြင့် ထွက်ပြေးတိမ်းရှောင်နေကြရသော ကျောက်တော်မြို့နယ်၊ မာလာသစ်ကျေးသားမှ သူတို့နေထိုင်ရာကျေးရွာ၌ ကျန်ရှိခဲ့သည့် ပစ္စည်းများနှင့် ကျွဲနွားဆိတ်စသည့် အိမ်မွေးတိရစ္ဆာန်များကို ရွှေ့ပြောင်းယူဆောင်ရန် ဒီဇင်ဘာလ ၃၀ ရက်နေ့ကရခိုင်ပြည်နယ်အစိုးရထံ စာပို့တောင်းဆိုထားသော်လည်း ယနေ့ထိ အကြောင်းပြန်ကြားမှု မရှိသေးဟု သိရသည်။

 မာလာသစ်ရွာသာများ ရခိုင်ပြည်နယ်အစိုးရထံသို့ အသနားခံစာ ပေးပို့သောစာတွင် "တိုက်ပွဲများကြောင့် မာလာကျေးရွာသည် အိုးအိမ်စွန့်ခွာပြီး ၂၀၂၀ ခုနှစ်မတ်လ ၁၇ ရက်နေ့တွင် ကျောက်တော် စစ်ဘေးရှောင် စခန်းသို့ ခိုလှုံရန်ရောက်ရှိခဲ့ရပါကြောင်း၊ ဤသို့ အိုးအိမ်စွန့်ခွာထွက်ပြေးလာစဉ် မိမိတို့ ပိုင်ဆိုင်သည့် ဆန်၊ စပါး၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ စက်ပစ္စည်းများနှင့် သယ်ယူရန်မဖြစ်နိုင်သော ပိုင်ဆိုင်မှုများကို ချန်ရစ်ပြီး ထွက်ပြေးလာရပါကြောင်း၊ စစ်ရှောင်စခန်းတွင် အလုပ်လက်မဲ့ဘဝဖြင့်

နေထိုင်လာသည်မှာ (၁၀) လခန့် ကြာမြင့်လျက်ရှိနေပြီ ဖြစ်သဖြင့် ကာလရှည်ကြာမြင့်လာသောကြောင့် ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဒုက္ခ အမျိုးမျိုးတို့ကို တွေ့ကြုံခံစားနေရပါကြောင်း ရေးသား ဖော်ပြထားသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီးဦးဝင်းမြင့်အား ဆက်သွယ်မေးမြန်းဖို့ ကြိုးစားခဲ့သော်လည်း အဆက်သွယ်မရရှိခဲ့ပါ။ မာလာကျေးရွာတွင် မြို၊ နှင့်ရခိုင်ရွာနှစ်ရွာတည်ရှိပြီး ရခိုင်လူမျိုးများ နေထိုင်သည့် မာလာသစ်တွင် အိမ်ခြေ ၂၂၀ ကျော်ရှိပြီး လူဦးရေ ၅၀၀ ကျော်ရှိပြီး ရွာသားများ အားလုံးမှာ ရွာကိုစွန့်ခွာထွက်ပြေးလာရကြောင်း သိရှိရသည်။ https://burmese.narinjara.com/news/detail/5ff3e1b63f8935047dbb79d4

****************

## ၇။ ကျောက်တော်မြို့နယ်တွင် မြိုအမျိုးသမီးတစ်ဦးမြေမြုပ်မိုင်းနင်းမိ၍ ခြေထောက်၌ ဒဏ်ရာပြင်းထန်ရ

(04 Jan, 2021)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ခဘော်ကျေးရွာမှ အမျိုးသမီးတစ်ဦး ကျေးရွာအနီးတောင်ပေါ်ကို ထင်းခွေရန်သွားရာမှ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က မြေမြုပ်မိုင်းနင်းမိ၍ ခြေထောက်တစ်ဖက်တွင် ပြင်းထန် ဒဏ်ရာရရှိသွားသည်ဟု သတင်းရရှိသည်။

ဒဏ်ရာရရှိသူမှာ ခဘော်ကျေးရွာမှ မြိုအမျိုးသမီး ဒေါ်ခင်စံမမေ (၄၃)နှစ်ဖြစ်သည်။ ၎င်းမှာ ယနေ့ နံနက် ၉ နာရီခန့်တွင် ခဘော်ကျေးရွာနှင့် နာရီဝက်ခန့်လမ်းလျှောက်၍ သွားရသည့် တောင်ပေါ်တွင် ထင်းခွေရန် သူမ၏ ညီမဖြစ်သူနှင့် သွားရောက်ရာမှ မိုင်းနင်းမိခဲ့ခြင်းဖြစ်ကြောင်း ညီမဖြစ်သူက နရဥ္စရာ သတင်းဌာနအားပြောသည်။

ကျောက်တော်မြို့နယ်ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးညီပုက ၎င်းကိုယ်တိုင်ကားဖြင့် လူနာအား ကျောက်တော်ဆေးရုံသို့ယူဆောင်လာခြင်းဖြစ်ကြောင်းပြောသည်။ လူနာအား ယနေ့ ည ၇ နာရီခန့်တွင် ကျောက်တော်ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သော်လည်း လူနာမှာစိုးရိမ်ရသဖြင့် စစ်တွေဆေးရုံသို့ မနက်ဖြန်စောစောအချိန်တွင် ယူဆောင်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ https://burmese.narinjara.com/news/detail/5ff334eb3f8935047dbb79d0

***************

## ၈။ လွတ်လပ်ရေးနေ့ သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဒေါက်တာအေးမောင်၊ကိုဝေဟင်အောင်တို့ လွတ်မြောက်လာရန် မိသားစုများမျှော်လင့်ချက်မြင့်မားနေဆဲ

(04 Jan, 2021)

ယနေ့ ကျရောက်သည့် (၇၃) နှစ်မြောက် မြန်မာနိုင်ငံလွတ်လပ်ရေးနေ့တွင် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဒေါက်တာအေးမောင်၊ ရခိုင်စာရေးဆရာဝေဟင်အောင်နှင့် ရခိုင်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်လာရန် မိသားစုများ၏ မျှော်လင့်ချက် မြင့်မားနေဆဲ ဖြစ်ကြောင်း သိရသည်။

ဒေသခံများကလိုလားနေသည့် ဒေါက်တာအေးမောင် လွတ်မြောက်ရေးအကောင်အထည်ပေါ်လာပါက ယခုထက် ကောင်းမွန်သည့် နိုင်ငံရေးအခြေအနေဖြစ်လာနိုင်ကြောင်း ရသေ့တောင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ပြောသည်။ ရခိုင်အရေးနှင့် ပတ်သက်၍ နိုင်ငံရေးသုံးသပ်လေ့လာသူ ဦးမောင်မောင်စိုးကလည်း ဒေါက်တာအေးမောင် အပါ အ

ဝင် နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေးမှာ ရခိုင်လူထု၏ ဆန္ဒဖြစ်သဖြင့် NLD အစိုးရ၏ သဘောထားကို စောင့်ကြည့်ရမည်ဖြစ်ကြောင်းပြောသည်။

ဒေါက်တာအေးမောင်နှင့် အတူ စာရေးဆရာဝေဟင်အောင်တို့ကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့က ရသေ့တောင်မြို့တွင်ပြုလုပ်သည့် ရခိုင့်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း ၂၃၃ ကြိမ်မြောက်အထိမ်းအမှတ် ဟောပြောပွဲတွင် ၎င်းတို့နှစ်ဦး၏ဟောပြောချက်သည် ဥပဒေနှင့် ငြိစွန်းသည် ဟုဆိုကာ ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရသည်။ ယင်းနောက် ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ၎င်းတို့နှစ်ဦးအား နိုင်ငံတော်ပုန်ကန်မှုပုဒ်မ- ၁၂၂ ၊ နိုင်ငံတော်အကြည်အညိုပျက်စေမှုပုဒ်မ-၅၀၅(ခ)တို့ဖြင့် စစ်တွေခရိုင်တရားရုံးမှ ထောင်ဒဏ်နှစ်(၂၀) ချမှတ်ခဲ့သည်။

https://burmese.narinjara.com/news/detail/5ff2d4833f8935047dbb79cc

****************

## ၉။ ညီအစ်ကိုမိသားစုများဖြစ်သည့်အတွက် AA အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ကိုယ်လူမျိုးတိုးတက်ရေးကို လုပ်ပေးစေချင်ကြောင်း ရခိုင်ဝန်ကြီးချုပ်ပြော

(04 Jan, 2021)

ရက္ခိုင့်တပ်တော် (AA) မှာ ညီအစ်ကိုမိသားစုဝင်များဖြစ်သည့်အတွက် ချစ်ချစ်ခင်ခင်နှင့် ကိုယ့်ဒေသဖွံ့ဖြိုးရေးနှင့် ကိုယ့်လူမျိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးစေချင်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယနေ့ ကျရောက်သော (၇၃) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ပြောဆိုလိုက်သည်။

မိသားစုစိတ်ဓာတ်၊ ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့်လုပ်ကြစေချင်သည်ဟု ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲများငြိမ်းချမ်းရေးအတွက် အားလုံးက ငြိမ်းချမ်းရေးစိတ်ဓာတ်နှင့် ယုံကြည်မှု တည်ဆောက်ပြီး လုပ်စေချင်ကြောင်းလည်း ၎င်းကဆက်ပြောသည်။

လွတ်လပ်ရေးနေ့အခမ်းအနားကို စစ်တွေမြို့၊ ဧညဝတီဘောလုံးကွင်းတွင် ယနေ့နံနက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များက တက်ရောက်ခဲ့ကြသည်။ https://burmese.narinjara.com/news/detail/5ff2a5043f8935047dbb79ca

****************

## ၁၀။ ဖမ်းဆီးခံရပြီးအလောင်းဖျောက်ဖျက်ခံရသည့်ကျောက်တော်မြို့မှ ဦးကျော်လှိုင်အတွက် ရဲဦးထုပ်ကိုသက်သေခံ ပစ္စည်းအဖြစ်တင်သွင်း

(04 Jan, 2021)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်မှ ဖမ်းဆီးခံရပြီး အလောင်းဖျောက်ဖျက်ခံရသည်ဟု မိသားစုများက ယုံကြည်ထားသူ ဦးကျော်လှိုင်၏ အမှုအတွက် သက်သေခံပစ္စည်းဖြစ်သည့် ရဲဦးထုပ်ကို ဇန်နဝါရီ ၃ ရက်နေ့က ကျောက်တော်မြို့မရဲစခန်းတွင် သက်သေခံ အဖြစ်တင်သွင်းလိုက်သည်ဟု အမှုမှန်ပေါ်ပေါက်ရေးအတွက် လိုက်ပါကူညီပေးနေသူ

ဦးကျော်လှမြင့်က ပြောကြားသည်။ ၎င်းအမှုနှင့်ပတ်သက်ပြီး လူသတ်အလောင်းဖျောက်မှုနှင့် ကျောက်တော်ရဲစခန်းတွင် အမှုဖွင့်ထားပြီး ဒီဇင်ဘာ ၃၁ ရက်နေ့က မျက်မြင်သက်သေများကို စစ်ဆေးခဲ့သည်ဟု သိရသည်။

ကျောက်တော်မြို့၊ ပိုက်သည်ရပ်ကွက်မှ ဦးကျော်လှိုင်သည် ပုလင်းခွံ၊ ဖူးခွံ၊ သံဆိုး၊ သံပျက်များကို လိုက်လံကောက်ယူရောင်းချပြီး လုပ်ကိုင်စားသောက်နေသူ တစ်ဦးဖြစ်ပြီး ၂၀၂၀ ခုနှစ် ဇူလိုင် ၂ ရက်နေ့က ကျောက်တော်မြို့ ဦးအောင်ကျော်ဦးဆိုင်ရှေ့သို့ ရောက်ရှိနေစဉ် တပ်မတော်စစ်ကြောင်းတစ်ခုမှ ၎င်းအားဖမ်းဆီးပြီး ရွှေကျောင်းသို့ ခေါ်ယူသွားခဲ့ပြီး သုံးရက်ခန့်အကြာတွင် ၎င်း၏ အစိတ်စိတ်ပိုင်းပြတ်နေသည့်ခန္ဓာကိုယ်အား အထုပ်များဖြင့် ကုလားတန်မြစ်ကမ်းစပ်တွင်တွေ့ခဲ့ရသည်ဟု ကိုယ်တိုင်မြင်တွေ့လိုက်ရသူ ဦးအောင်ကျော်ဦးက ရဲစခန်းတွင် ဒီဇင်ဘာ ၃၁ ရက်နေ့က ထွက်ဆိုထားသည်။ အလားတူ ရွှေကျောင်းဓမ္မာရုံမှ ဆရာတော်ဦးစန္ဒိမာအား စစ်ဆေးရာတွင်လည်း ဆရာတော်မှသူမြင်တွေ့ခဲ့ရသည်များကို ထွက်ဆိုခဲ့သည်ဟု သိရသည်။

ဦးကျော်လှိုင်၏ ဇနီးဖြစ်သူ ဒေါ်စုချေမှ သူ့လင်သေဆုံးမှုအတွက် အမှုဖွင့်နိုင်ရန် ဒီဇင်ဘာ ၃၁ ရက်နေ့က ပြန်တင်ခဲ့သည်ဟု ပြောဆိုသည်။ ကျောက်တော်မြို့မ ရဲစခန်းမှူးသို့ ယနေ့ နံနက် ၁၀ နာရီမိနစ် ၂၀ က ဆက်သွယ်ရာ ဖုန်းပိတ်ထားသဖြင့် မေးမြန်းတင်ပြနိုင်ခြင်း မရှိပါ။ https://burmese.narinjara.com/news/detail/5ff292d43f8935047dbb79c6

***************

## ၁၁။ တောင်ကုတ်လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးလွတ်မြောက်လာခြင်းကို အမေရိကန်သံရုံးကြိုဆို

(03 Jan, 2021)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းသုံးဦးလွတ်မြောက်လာခြင်းကို ရန်ကုန်ရှိ အမေရိကန်သံရုံးမှ ကြိုဆိုကြောင်း သတင်းထုတ်ပြန်သည်။

၎င်းထုတ်ပြန်ချက်ထဲတွင် "ရွေးကောက်ပွဲမတိုင်မီက တောင်ကုတ်တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသော ကိုယ်စားလှယ်လောင်းသုံးဦး ပြန်လည်လွတ်မြောက်လာခြင်းကို မိမိတို့ကြိုဆိုပါသည်။" ဟုဖော်ပြသည်။ ၎င်းပြင် ဆက်လက်ဖော်ပြသည်မှာ "ဒီမိုကရေစီစနစ်တစ်ခုတွင် ကိုယ်စားလှယ်လောင်းများသည် ဘေးကင်းလုံခြုံစွာမဲဆွယ်စည်းရုံးခွင့်ရှိရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ခပ်သိမ်းသောသူအပေါင်းတို့ လာမည့်နှစ်အတွင်း ပိုမိုကောင်းမွန်သောငြိမ်းချမ်းမှု၊ ဒီမိုကရေစီနှင့် သာယာဝပြောမှုတို့ကို ရရှိခံစားနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

တောင်ကုတ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် သုံးဦးဖြစ်ကြသည့် ဦးမင်းအောင် (လက်ရှိပြည်နယ်လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါ်နီနီမေမြင့် (လက်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) နှင့် ဒေါ်ချစ်ချစ်ချော (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း) တို့သည် ဇန်နဝါရီ ၁ ရက်နေ့ ညနေ ၃ နာရီကျော် ရက္ခိုင့်တပ်တော် (AA) မှ မြန်မာ့တပ်မတော်တာဝန်ရှိသူများလက်သို့ မြေပုံမြို့နယ် မီးကျောင်းတက် ကျေးရွာတွင် လွှဲပြောင်းခဲ့သည်။

https://burmese.narinjara.com/news/detail/5ff14c4c3f8935047dbb79bc

****************

## ၁၂။ အစိုးရနှင့် မြောက်ပိုင်း ၄ ဖွဲ့ ဇန်ဝါရီလအတွင်း တွေ့ဆုံနိုင်ရန် ဆွေးနွေးနေ

(၂၀၂၁ ခုနှစ်၊ ဇန်ဝါရီလ ၄ ရက်)

အစိုးရနှင့် မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့တို့ ဇန်နဝါရီလအတွင်း တွေ့ဆုံဆွေးနွေးရန်ရှိသည်ဟု ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) က ပြောသည်။ ဇန်ဝါရီလ ဒုတိယအပတ်တွင် မြောက်ပိုင်း မဟာမိတ် ၄ ဖွဲ့နှင့် တွေ့ဆုံရန် အစိုးရဖက်မှ ပြောဆိုလာသည် ဟု ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့ (PCG) က မှ ဦးလမိုင်ဂွမ်ဂျာက ပြောသည်။

မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ လက်ရှိအချိန်တွင် နှစ်သစ်ကူးအချိန်ဖြစ်သောကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ လူကြီးများ မအားလပ်သည့်အတွက် အစိုးရဖက်မှအဆိုပြုထားသည့် ဇန်နဝါရီလ ဒုတိယအပတ်တွင် တွေ့ဆုံနိုင်ရန် မဖြစ်နိုင်ကြောင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ပြောဆိုမှုကိုကိုးကား၍ ဦးလမိုင်ဂွမ်ဂျာက ဆိုသည်။ သို့သော် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့မှ အစိုးရအား ဇန်နဝါရီလ မကုန်ခင် တွေ့ဆုံသွားမည်ဟု ပြောဆိုလာ ကြောင်း PCG က ပြောသည်။

အစိုးရ၊ တပ်မတော်တို့နှင့် Bilateral အပစ်ရပ်စာချုပ် ချုပ်ဆိုနိုင်ရန်ညှိနှိုင်းလျက်ရှိပြီး မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့မှာ ကချင်လွတ်လပ်ရေးအဖွဲ့ KIO/KIA၊ ရက္ခိုင့်တပ်တော် ULA/AA၊ မြန်မာအမျိုးသားများ ဒီမိုကရက်တစ်တပ်ပေါင်းစု တပ်မတော် (MNTJP/ MNDAA- ကိုးကန့်အဖွဲ့)၊ တအန်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် PSLF/ TNLA တို့ ဖြစ်ကြသည်။ https://www.nmg-news.com/2021/01/04/12713

*****************

## ၁၃။ နမ္မတူမြို့နယ် တွင် RCSS/SSA နှင့် TNLAတိုက်ပွဲ ဆက်လက်ဖြစ်

(January 5, 2021)

သျှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ် ပန်ချင်အုပ်စုအတွင်း ယနေ့ (ဇန်နဝါရီ ၅) ရက် မနက် ၆ နာရီခွဲ တွင် RCSS နှင့် TNLA တို့ တိုက်ပွဲဆက်လက် ဖြစ်ပွားကြောင်းစုံစမ်းသိရှိရသည်။

ဒီဇင်ဘာ (၂၅) ရက်နေ့မှ စတင်ပြီး ယနေ့ထိ RCSS နှင့် TNLA တို့သည် တိုက်ပွဲအကြိမ်ရေ (၂၀)ထက်မနည်း ဖြစ်ပွားခဲ့ကြောင်း ဒုဗိုလ်မှူးကြီး အုမ်ခေး ကပြောသည်။ အဆိုပါတိုက်ပွဲဖြစ်ပွားမှုနှင့် ပတ်သက်ပြီး TNLA မှ ပြောရေးဆိုခွင့်ကို သျှမ်းသံတော်ဆင့်မှ အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းရာ ပြန်လည်ဖြေဆိုခြင်း မရှိခဲ့ပေ။ ယမန်နေ့ (ဇန်နဝါရီ ၄ ရက် )တွင် လည်း RCSS နှင့် TNLA တို့ကြား ကျောက်မဲမြို့နယ် တောဆန်ရွာမအနီးတွင် တိုက်ပွဲ ၃ ကြိမ်တိုင်ဖြစ်ပွားခဲ့ကြောင်း TNLA ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်း ဒီဇင်ဘာ (၂၅) ရက်မှ စတင်ကာ RCSS နှင့် TNLA တို့တိုက်ပွဲဖြစ်ပွားမှုကြောင်း စစ်ဘေးရှောင် (၁၀၀၀) ခန့် ထွက်ပြေးတိမ်းရှောင်နေရကြောင်းသိရသည်။ ထို့ပြင် တိုက်ပွဲကြောင့် အရပ်သားနေအိမ် နှင့် ကျေးရွာ ဘုန်းကြီးကျောင်းလည်း ကျည်ထိမှန် ပျက်စီးခဲ့ကြောင်းသိရသည်။ https://burmese.shannews.org/archives/20154

*****************

## ၁၄။ တောင်ကြီး စင်စစ်ထွန်းဆေးရုံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ (၄၀)ဦးရှိ

(January 4, 2021)

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ရှိ စဝ်စံထွန်းဆေးရုံမှာ ကိုဗစ်-၁၉ အတည်ပြု လူနာ (၄၀) ဦး တက်ရောက် ဆေးကုသမှု ခံယူထားကြောင်း စုံစမ်းသိရှိရသည်။

ဒီဇင်ဘာ (၃၀) ရက်တွင် တောင်ကြီးမြို့ရှိ အမှတ် (၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံး (သျှမ်းတောင်)မှ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦး အနံ့မရသဖြင့် သျှမ်းပြည်နယ် ကျန်းမာရေး ဌာနမှ RDT Test Kit ဖြင့် စစ်ဆေးရာမှာ ပိုးတွေ့လူနာများ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သျှမ်းပြည်တဝှမ်းတွင် ဆေးရုံတက်ဆေးကုသနေသည့် ကိုဗစ်-၁၉ အတည်ပြု လူနာ (၂၂၂) ဦးရှိကြောင်း စုံစမ်းသိရှိရသည်။

ဇန်နဝါရီ (၃) ရက်နေ့အထိ သျှမ်းပြည်တွင် ကိုဗစ်-၁၉ လူနာ စုစုပေါင်း (၉၃၇) ဦး၊ လက်ရှိဆေးရုံတက် ဆေးကုသနေသည့် လူနာ (၂၂၂) ဦး၊ သေဆုံးသူ (၃) ဦးရှိကြောင်း သျှမ်းပြည်နယ် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (တောင်ကြီး) ထုတ်ပြန်ချက်အရ သိရသည်။ https://burmese.shannews.org/archives/20152

****************

## ၁၅။ RCSS နှင့် TNLA တိုက်ပွဲကြောင့် ကျောက်မဲတွင် စစ်ရှောင် ၁၀၀၀ ခန့် ရောက်ရှိ

(January 4, 2021)

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းကြားတိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင် ၁၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရကြောင်း စုံစမ်းသိရသည်။ RCSS/SSA နှင့် TNLA တို့ ယနေ့ချိန်ထိ စစ်ရေးတင်းမာမှုရှိနေကြပြီး ကျောက်မဲမြို့နယ်တွင် စစ်ရှောင်များ (၁၀၀၀) ခန့်ရှိပြီး နမ္မတူမြို့နယ် မန်စံကျေးရွာတွင် စစ်ရှောင် (၇၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရကြောင်းသိရသည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ၂ ဖွဲ့သည် စစ်ရေးတင်းမာနေပြီး လက်ရှိမှာကျောက်မဲမြို့နယ်အတွင်း တိုက်ပွဲများပြင်းထန်နေဆဲဖြစ်သဖြင့် စစ်ရှောင်များထပ်မံရောက်လာနိုင်ကြောင်းလည်း စစ်ဘေးရှောင်များကို ကူညီပေးနေသည့်သူများက ပြောသည်။ လက်ရှိမှာ စစ်ဘေးရှောင်များအတွက် အစားအသောက်အဆင်ပြေနေသေးသော်လည်း တိုက်ပွဲများ ဆက်လက်ပြင်းထန်ပါ က စစ်ဘေးရှောင်များအတွက် စားဝတ်နေရေးခက်ခဲနိုင်ကြောင်းလည်း စစ်ဘေးရှောင်များကို ကူညီနေသူများက ပြောဆိုလိုက်သည်။

RCSS/SSAနှင့် TNLAတို့ ကြားဖြစ်ပွားသည့်တိုက်ပွဲကြောင့် အမျိုးသားတဦး ကျည်ထိမှန်သေဆုံးခဲ့ပြီးကိုယ်ဝန်သည် အမျိုးသမီးတဦး အပါအဝင် အမျိုးသမီး ၂ဦး နှင့် အမျိုးသားတဦး ကျည်ထိမှန်ခဲ့ကြောင်းသိရသည်။

https://burmese.shannews.org/archives/20148

***************

## ၁၆။ ကယားနယ်စပ်ဂိတ်တွင် KNG အကြီးအကဲ၏ သားက သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ခတ်ဟုဆို

(ဇန်နဝါရီ ၃၊ ၂၀၂၁)

ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်နယ်စပ် ပီကင်းကောခူ ဌာနဆိုင်ရာစုပေါင်းဂိတ်တွင် ပြီးခဲ့သည့်ဒီဇင်ဘာလ ၃၁ ရက်နေ့ညက ကယန်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNG) အကြီးအကဲတစ်ဦး၏ သားဖြစ်သူဆိုသူက သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ခတ်သွားကြောင်း သိရသည်။

ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်နယ်အုပ်ချုပ်ရေး၊ မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများအနေဖြင့် ပြည်နယ်အတွင်း ဝင်ထွက်သွားလာနေသူများကို တာဝန်အရ စစ်ဆေးဆောင်ရွက်နေစဉ် သေနတ်ပစ်ဖောက်၍ ခြိမ်းခြောက်သွားခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ သို့သော် KNG တပ်ဖွဲ့မှ ဥက္ကဋ္ဌဦးဌေးကို၏ သားတစ်ဦးဖြစ်ကြောင်းကို မဇ္ဈိမသတင်းဌာနအနေဖြင့် သီးခြားအတည်ပြုချက် မရရှိသေးပေ။

လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးလည်းဖြစ် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဦးရန်နိုင်ဝင်းက ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မှန်ကန်ကြောင်းအတည်ပြုပြောဆိုပြီး ပျက်စီးရှုံးဆုံးမှုများ မရှိကြောင်း မဇ္ဈိမကိုပြောသည်။ KNG တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်၊ မိုးဗြဲမြို့နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ https://www.mizzimaburmese.com/article/77107

***************

## ၁၇။ ကယားပြည်နယ်ရှိ လီဆူးကျေးရွာကို ခရီးသွားလုပ်ငန်း CBT အဖြစ် ဖော်ဆောင်မည်

(ဇန်နဝါရီ ၃၊ ၂၀၂၁)

ကယားပြည်နယ်တွင် ခရီးသွားများလည်ပတ်နိုင်ရန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism – CBT) အဖြစ် လီဆူးတိုင်းရင်းသားများနေထိုင်သည့် ပိန်းချစ်ကျေးရွာအုပ်စု၊ အိုင်စန့်ကျေးရွာကို ဖော်ဆောင်သွားမည်ဟု ဇန်နဝါရီလ ၂ ရက်နေ့က ကယားပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တာဝန်ခံဦးလင်းဇော်ထွဋ်က ပြောသည်။

အဓိက အိုင်စန့်ကျေးရွာ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ဦးလင်းဇော်ထွဋ်က ဆက်ပြီးပြောသည်။ အိုင်စန့်ကျေးရွာသို့ ကွင်းဆင်းလေ့လာသူများကို ဒေသခံလီဆူးတိုင်းရင်းသား အမျိုးသမီးများက ရိုးရာအကများဖြင့် ကြိုဆိုခဲ့ကြပြီး ရိုးရာအိမ်များဆောက်လုပ်ထားသည်ကို တွေ့မြင်ခဲ့ရသည်။

အိုင်စန့် ကျေးရွာမှ ဦးစိုးမိုးဝင်းက ၎င်းတို့ကျေးရွာကို ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ပါက လီဆူးရိုးရာအိမ်များအဓိကဦးစားပေး၍ဆောက်လုပ်ရန် စီစဉ်ထားကြောင်းပြောသည်။ ကယားပြည်နယ်အတွင်း ကျေးရွာလီဆူးကျေးရွာသုံးရွာရှိပြီး လူဦးရေ စုစုပေါင်း ၄၈၀ ခန့်ရှိသည့်အနက် အိုင်စန့်ကျေးရွာတွင် အိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၁၀၀ ခန့် ရှိကြောင်း သိရှိရသည်။ https://www.mizzimaburmese.com/article/77096

****************

## ၁၈။ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ခရီးရောက်စေရန် အပစ်ရပ် ၁၀ ဖွဲ့၏ PPST စုဖွဲ့မှုကို ပြုပြင်ပြောင်းလဲမည်

(January 05, 2021)

အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး အပစ်ရပ် ၁၀ ဖွဲ့ ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) စုဖွဲ့မှုကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်အချို့က ပြောကြားသည်။

PPST ၏အားနည်းချက်တွင် အမြဲတမ်းစုစည်းနိုင်သည့်ယန္တရားမရှိဘဲ အစည်းအဝေးကျင်းပမှသာ ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု PPST ၏အကြံပေးဖြစ်သူ ဦးခွန်းဆေကပြောသည်။ PPST အနေဖြင့်အမြဲတမ်း စုစည်းနိုင်သည့်ယန္တရားပေါ်ထွက်လာရေး မည်ကဲ့သို့စီမံမည်ဆိုသည့်ကိစ္စကို ဆွေးနွေးနေကြဆဲဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ အစိုးရနှင့်ဆွေးနွေးရာတွင် ခရီးရောက်စေရန်ဖြစ်ကြောင်း ပြောကြားသည်။ PPST အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပအိုဝ်းတိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင် ဗိုလ်မှူးကြီးခွန်ဥက္ကာကလည်း PPST ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောသည်။

PPST စုဖွဲ့မှုပြုပြင်ပြောင်းလဲရေးအတွက် မူကြမ်းရေးထားပြီးဖြစ်သော်လည်း အတည်ပြုနိုင်ရန် NCA လက်မှတ်ထိုး ၁၀ ဖွဲ့ ထိပ်သီးခေါင်းဆောင်များ ညီလာခံကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ လတ်တလောတွင် COVID-19 ကပ်ရောဂါကာလ ခရီးသွားလာရေးအခက်အခဲကြောင့် ညီလာခံကို ဇန်နဝါရီလနောက်ပိုင်းမှသာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောကြားသည်။ https://7day.news/detail?id=300815

***************

## ၁၉။ လွှတ်လပ်ရေးနေ့တွင် တိုက်ပွဲကြောင့် အရပ်သားများစစ်ဘေးရှောင်ခဲ့ရခြင်းသည် ဝမ်းနည်းစရာဟုဆို

(January 05, 2021)

လွှတ်လပ်ရေးနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲနှင့် နမ္မတူမြို့နယ်၌ RCSS နှင့် TNLA တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ပြီး အရပ်သားများ စစ်ဘေးရှောင်ခဲ့ရခြင်းသည် ဝမ်းနည်းစရာကောင်းသည်ဟု လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်ဘေးရှောင်များအား ကူညီနေသူများကပြောသည်။

RCSS နှင့် TNLA သည် ကျောက်မဲမြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက်ကစ၍ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၁၀ ရက်နီးပါးကြာသည်အထိ နေ့စဉ်တိုက်ပွဲဖြစ်ခဲ့ပြီး ယင်းအခြေအနေအပေါ် ဒေသခံများကစိတ်ပျက်နေသည်။ ယခုတစ်ကြိမ်တိုက်ပွဲသည် ဇရီယာကျယ်ပြန့်နေပြီး TNLA က လာရောက်တိုက်ခိုက်နေ၍ တိုက်ပွဲဆက်လက်ဖြစ်ပွားခြင်းဖြစ်သည်ဟု RCSS ပြောရေးဆိုခွင့်ရှိသူ စိုင်းအုမ်ခေးက ပြောသည်။ တိုက်ပွဲရပ်တန့်ရေးအတွက် RCSS အနေဖြင့် တွေ့ဆုံညှိနှိုင်းရန်အသင့်ရှိနေသည်ဟု စိုင်းအုမ်ခေးက ဇန်နဝါရီ ၄ ရက်တွင် သတင်းစကားပါးသည်။ TNLA ပြောရေးဆိုခွင့်ရှိသူ တာအိုက်ကျော်ထံဆက်သွယ်ရာ ဖုန်းပိတ်ထား၍ဆက်သွယ်မရခဲ့ပေ။

RCSS နှင့် TNLA ၏ ဒီဇင်ဘာ ၂၈ ရက်ကတိုက်ပွဲတွင် အရပ်သားတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရခဲ့သည်။ စစ်ဘေးရှောင်များအတွက် စောင်နှင့်အနွေးထည်များအပါအဝင် အရေးပေါ်အကူအညီများလိုအပ်နေသည်ဟု လူမှုကူညီရေးအဖွဲ့များက အကူအညီတောင်းထားသည်။ https://7day.news/detail?id=300785

## ၂၀။ ကျောက်ကြီးမြို့နယ်တွင် တပ်မတော်နှင့် KNU တပ်မဟာ (၃) တစ်ပတ်အတွင်း ထိတွေ့ပစ်ခတ်မှု သုံးကြိမ်ဖြစ်ပွား

(January 05, 2021)

တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၃) တို့သည် ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလဆန်းပိုင်း၌ ထိတွေ့ပစ်ခတ်မှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း ဒေသခံစောင့်ကြည့်လေ့လာရေးအဖွဲ့ ကရင်လူမှုရေးရာအဖွဲ့မှ ကိုစောစိပယ်တယ် ကပြောသည်။

NCA လက်မှတ်မရေးထိုးမီ ၂၀၁၅ မတိုင်ခင်ကလည်း ယင်းဒေသ၌ စစ်ရေးပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း၊ ဒေသခံများအနေဖြင့် ယခင်ကဲ့သို့ စစ်ရေးပဋိပက္ခဒဏ်ခံစားရမည်ကို စိုးရိမ်နေကြကြောင်း ၎င်းကဆိုသည်။ ယင်းဒေသ၌တပ်မတော်နှင့် KNU တပ်မဟာ (၃)အကြား ထိတွေ့မှုအချို့ဖြစ်ပွားခြင်းကို KNU ဗဟိုမှအဖွဲ့ဝင်တစ်ဦးက အတည်ပြုသည်။ တပ်မဟာ (၃) သည် KNU တပ်မဟာ(၅)နယ်မြေနှင့် ဆက်စပ်နေသည့် တပ်မဟာဖြစ်သည်ဟုလည်း ပြောပြသည်။

KNU တပ်မဟာ (၃)နှင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေကိုမေးမြန်းရန် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ချုပ်ဇော်မင်းထွန်းထံသို့ ယမန်နေ့ညကဆက်သွယ်ရာ အဆက်အသွယ်မရပေ။ တပ်မတော်နှင့် KNU တပ်မဟာ (၅)သည်လည်း ၂၀၂၀ ဒီဇင်ဘာအတွင်းက ကရင်ပြည်နယ် ဖာပွန်ခရိုင် မဲဝိုင်ဒေသ၌ စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်ကသတင်းထုတ်ပြန်ခဲ့ရာ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများကို KNU ဘက်က မိုင်းဆွဲတိုက်ခိုက် ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ https://7day.news/detail?id=300779

*****************

## ၂၁။ အစိုးရသစ်လက်ထက် ဝန်ကြီးချုပ်တာဝန်ကိုရည်မှန်းထားခြင်းမရှိဟု ဦးညီပုပြော

(January 05, 2021)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုက ၎င်းအနေဖြင့် အစိုးရသစ်လက်ထက်တွင် ဝန်ကြီးချုပ်တာဝန်ကို ရည်မှန်းထားခြင်းမရှိဘဲ တာဝန်ပေးအပ်မှုအပေါ်မှာသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောသည်။ ဇန်နဝါရီ ၄ ရက်က စစ်တွေမြို့၌ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားအပြီးတွင် သတင်းထောက်များ၏မေးမြန်းမှုကို ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့၏ အမြင့်ဆုံးတာဝန် ဝန်ကြီးချုပ်အဖြစ်ထမ်းဆောင်ခဲ့သည့် ငါးနှစ်သက်တမ်းအတွင်း တတ်နိုင်သရွေ့လုပ်ခဲ့သည့်အပေါ်ကျေနပ်မှုရှိပြီး နိုင်ငံတော်၏ရည်မှန်းချက်များကိုဆောင်ရွက်သည့်အခါ လိုအပ်ချက်များရှိခဲ့ကြောင်း ဝန်ကြီးချုပ်ကပြောသည်။ ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) နှင့်ပတ်သက်၍ မိမိတို့၏ညီအစ်ကို၊ မိသားစုဝင်များဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရန်နှင့်လူမျိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း ၎င်းကဆိုသည်။

ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် လူတိုင်းက ကိုယ်စီကိုယ်ငှ ငြိမ်းချမ်းချင်သောအသိစိတ်ဓာတ်များဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း ဝန်ကြီးချုပ်က ပြောသည်။ https://7day.news/detail?id=300764

**************

## ၂၂။ ဖမ်းဆီးထားသည့် ALP တပ်ဖွဲ့ဝင် ၄ဦးကို AA ပြန်လွှတ်

(2 January 2021)

ရခိုင်စစ်တပ် (AA) က ဖမ်းဆီးထားသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အဖွဲ့ဝင် ၄ ဦး ပြန်လွှတ်လာပြီဖြစ်ကြောင်း ALP အဖွဲ့က ဇန်နဝါရီလ ၁ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

ပြန်လွှတ်လာသူများမှာ ALP ပြည်ပစည်းရုံးရေးကော်မတီဝင် ခိုင်ဝင်းလှိုင်နှင့် ALP အဖွဲ့ဝင် ခိုင်မင်းမြတ်စံ၊ ခိုင်မောင်လုံး၊ ခိုင်မောင်ခင်ဝင်းတို့ဖြစ်ကြောင်း ALP စစ်ရေးကော်မတီမှ ဗိုလ်မှူးကြီး ခိုင်စိုးမြက ဧရာဝတီသို့ ပြောကြားသည်။ ဆက်လက်၍ ဗိုလ်မှူးကြီးခိုင်စိုးမြက ယခုကဲ့သို့ ရခိုင်အမျိုးသားအချင်းချင်းအပေါ် AA ဘက်ကဖမ်းဆီးခြင်းသည် ရခိုင်လူမျိုး အချင်းချင်း အကြား စည်းလုံးညီညွတ်မှုကိုထိခိုက်စေနိုင်သဖြင့် နောက်နောင်တွင် ဖမ်းဆီးမှုများ ထပ်မံမလုပ်သင့်ကြောင်း တိုက်တွန်းပြောဆိုသည်။

ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးလိုက်ခြင်းသည် လူသားချင်းစာနာထောက်ထားသည့်အနေနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်ယုံကြည်မှုတည်ဆောက်နေဆဲကာလတွင် ငြိမ်းချမ်းရေးဖြစ်စဉ်တိုးတက်မှုကို အခြေခံကာ AA ဘက်က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးခိုင်သုခက ဇန်နဝါရီလ ၁ ရက်တွင် ဧရာဝတီသို့ ပြောဆိုထားသည်။

https://burma.irrawaddy.com/news/2021/01/02/235882.html

***************

## ၂၃။ တနင်္သာရီတိုင်းအစိုးရ ကတိပြုထားတဲ့လုပ်ငန်း ၉၉ ခု မပြီးသေး

(2021-01-04)

တနင်္သာရီတိုင်းအစိုးရက ဆောင်ရွက်ပေးမယ်လို့ တိုင်းလွှတ်တော်ကိုကတိပြုထားတဲ့ လုပ်ငန်း ၂၅၀ ထဲမှာ ထက်ဝက်ကျော်ကို အကောင်အထည်ဖော်ပြီးခဲ့ပေမယ့် ဆောင်ရွက်ဆဲ လုပ်ငန်း ၇၀ နဲ့ ဆောင်ရွက်ဖို့ ကျန်နေသေးတဲ့ လုပ်ငန်း ၃၀ နီးပါး ရှိနေပါတယ်။

လက်ရှိအစိုးရက သက်တမ်းကုန်ခါနီးပြီ ဖြစ်တာကြောင့် မပြီးစီးနိုင်သေးတဲ့လုပ်ငန်းတွေကို အစိုးရသစ်လက်ထက်မှာ ဆက်လက်အကောင်အထည်ဖော်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေက တောင်းဆိုနေပါတယ်။ လုပ်ငန်းတချို့ အပြီးမသတ်နိုင်သေးတာဟာ စီမံခန့်ခွဲမှုအားနည်းချက်ကြောင့်ဖြစ်ကြောင်း ကျွန်းစုမြို့နယ် အမှတ် ၂ ကိုယ်စားလှယ် ဒေါက်တာထူးနေအောင်က ဒီဇင်ဘာ ၂၂ ရက်နေ့ လွှတ်တော်အစည်းအဝေးမှာ ပြောဆိုခဲ့ပါတယ်။

ယခင်အစိုးရတွေ လက်ထက်မှာ လယ်မြေ၊ သစ်တောမြေဧကပေါင်းများစွာကို ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီတွေကို လုပ်ပိုင်ခွင့် အလွန်အကျွံချပေးခဲ့တာဖြစ်ပြီး ဒီစီမံကိန်းတွေကြောင့် မြေယာအငြင်းပွားမှုပြဿနာ အများအပြားပေါ်ပေါက်ခဲ့ရာမှာ ဝန်ကြီးပြောသလို တိုင်းအစိုးရက ပြီးမြောက်အောင်ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသေးပါဘူး။ တိုင်းအစိုးရ ဆောင်ရွက်ဖို့ ကျန်ရှိနေတဲ့ထဲမှာ သိမ်းဆည်းမြေယာကိစ္စ၊ ညောင်ပင်ကွင်း စားကျက်မြေပယ်ဖျက်ဖို့ကိစ္စ၊ ကံမော်မြို့အဖြစ် သတ်မှတ်ရေးကိစ္စ၊ ဝါးချောင်းကျေးရွာ အမည်ပေါက်ဖြစ်ရေးကိစ္စ၊ မော်ကင်းစာပေကိစ္စ မြို့နယ်အတွင်း ကျန်းမာရေးဝန်ထမ်း ခန့်ထားရေး စတဲ့ကိစ္စတွေ ပါဝင်နေတာတွေ့ရပါတယ်။ https://www.rfa.org/burmese/news/tanintharyi-division-government-projects

## ၂၄။ လွတ်လပ်ရေးနေ့မှာ အင်းစိန်ထောင်က လွတ်လာတဲ့ အကျဉ်းသားမရှိ

(2021-01-04)

ဇန်နဝါရီလ ၄ ရက်နေ့ ဒီနေ့ လွတ်လပ်ရေးနေ့မှာ ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင်ရှေ့မှာ အကျဉ်းသားတွေ လွတ်မြောက်လာမလားဆိုတဲ့ အမြင်နဲ့ သွားရောက်စောင့်ဆိုင်းသူတချို့ရှိခဲ့ပေမယ့် လွတ်မြောက်လာသူ မရှိပါဘူး။

နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်ညိုပျက်စေမှုတွေနဲ့ ထောင်ဒဏ် အနှစ် ၂၀ ကျခံထားရတဲ့ ရခိုင်နိုင်ငံရေးသမား ဒေါက်တာအေးမောင်နဲ့ စာရေးဆရာဝေဟင်အောင်တို့ လွတ်မြောက်မယ်ဆိုတဲ့ သတင်းတွေထွက်လာတာကြောင့် သတင်းသမားတချို့လည်း အင်းစိန်ထောင်ရှေ့မှာ သွားရောက် စောင့်ဆိုင်းခဲ့ကြပါတယ်။ အင်းစိန်ထောင်မှူး ဦးဇော်ဇော်က ဒီနေ့ အင်းစိန်ထောင်ကနေ လွတ်မြောက်မယ့်သူမရှိဘူးလို့ RFA ကိုပြောပါတယ်။ စာရေးဆရာဝေဟင်အောင်ရဲ့ ဇနီး ဒေါ်အေးအေးနွယ်ကလည်း လွတ်လပ်ရေးနေ့ဖြစ်တာမို့ လွတ်မြောက်ဖို့ မျှော်လင့်ပေမယ့် ဘာသတင်းမှ မကြားရသေးကြောင်း ပြောပါတယ်။

ကပ်ရောဂါကာလဖြစ်တာမို့ ထောင်ဝင်စာလူတွေ ပို့ဆောင်ခွင့်မရဘဲ ပါဆယ်ပို့စနစ်နဲ့ နှစ်ပတ်တစ်ကြိမ် ပို့ဆောင်ပေးနေကြောင်းနဲ့ ထောင်ဝန်ထမ်းတွေဆီက ကြားရတဲ့သတင်းအရ ခင်ပွန်းဖြစ်သူရဲ့ ကျန်းမာရေး ကောင်းမွန်တယ်လို့ သိရကြောင်း စာရေးဆရာဝေဟင်အောင်ရဲ့ ဇနီး ဒေါ်အေးအေးနွယ်က ပြောပါတယ်။

https://www.rfa.org/burmese/news/no-prisoners-release-independence-day-01042021022844.html

****************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****